# ကွမ်းတွင်ကျရောက်တတ်သောရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ

## (၂) ပင်ခြေပုပ်/ရိုးမဲဆစ်ပြတ်ရောဂါ (Foot rot)

**ရောဂါဖြစ်စေသက်ရှိ - *Phytophthora nicotianae* Breda de Haan**

**ရောဂါလက္ခဏာများ**

မြေပြင်နှင့် ကပ်လျှက်ပင်စည်ပိုင်းတွင် ရေစိုနာအညိုရောင်ကွက် ဖြစ်ပေါ်ပြီး တပတ်လည် ပတ်မိသွားကာ ဒါဏ်ရာရ အပိုင်းလည်း ညိုမဲလာသည်။ အရွက်များ လည်း အဝါဖျော့ ရောင်ပြောင်းကာ ညှိုးလာသည်။ ပင်ခြေရင်းပိုင်းဆွေး ပုပ်ပြီး အမြစ်များပျက်ဆီးသဖြင့် အလွယ်တကူ နုတ်နိုင်သည်။ ရောဂါရအပိုင်း၌ ညိုမဲသွားကာ အဆစ်မှ ပြတ်ထွက်သဖြင့် ရိုးမဲဆစ်ပြတ်ဟုခေါ်ကြသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရအရွက်၊ အပင်များကို ချက်ချင်းဖျက်ဆီးပစ်ပါ။
- ရောဂါကင်းသော ကွမ်းခြံမှ မျိုးကိုင်းကို စိုက်ပျိုးပါ။
- ရေမဝပ်စေရန် အထူးပြုဆောင်ရွက်ပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက၊ ချက်ခြင်းခူးယူဖျက်ဆီးပြီး၊ အောက်ဖော်ပြပါမှို သတ်ဆေးများအား ပက်ဖျန်း၍ အပင်ခြေရင်းအား ရွှဲရွှဲဖျန်း ပေးပါ။
  - ➢ Azoxystrobin (အဇိုဆီစထရိုဘင်)
  - ➢ Metalaxyl (မီတယ်လဆီ)

- Dimethomorph (ဒိုင်မီသိုမော့ပ်)
- Fosetyl-AL (ဖော့်စတိုင်အေအယ်လ်)